ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

(၂၁)ရက်မြောက်နေ့ အစီအစဉ်

[ ၄-၅- ၂၀၁၆ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး (၂၁)ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်းရှိ မန်မုံကျေးလက် ကျန်းမာရေးဌာနခွဲအား တိုက်နယ်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေးအတွက် မည်ကဲ့သို့ စီစဉ်ဆောင်ရွက် ထားရှိကြောင်းနှင့် မည်သည့် ကာလတွင် အပြီးဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစစ်အေး၊ တောင်သာ မဲဆန္ဒနယ်၏ ၂၀၁၆ ခုနှစ်၊ လာမည့် နွေရာသီတွင် အယ်လ်နီညိုသက်ရောက်မှုကြောင့် ရေလျော့နည်း

ဆုံးရှုံးမှု ပိုဖြစ်နိုင်ပါသဖြင့် လျှပ်စစ်ဓာတ်အား မပြတ်တောက်စေရန် ဝန်ကြီးဌာနအနေနှင့် မည်ကဲ့သို့ အစီအမံများ ချမှတ်ဆောင်ရွက်ထားသည်ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၏ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တာမိုးညဲဒေသနေ ပြည်သူ့တချို့အား သက်ဆိုင်ရာက မုန်းဝန်း(တရုတ်)လူမျိုးမှ မုန်းဝန်း(ဗမာ) တိုင်းရင်းသားလူမျိုး တစ်မျိုးအဖြစ် တရားဝင် အတည်ပြုပေးကြောင်း သိရှိရပါသဖြင့် မည်သည့်အကြောင်းများကြောင့် တရားဝင်အတည်ပြုပေးခဲ့ပါသနည်း၊ မြန်မာနိုင်ငံတွင် နေထိုင်ကြသော လူမျိုးတစ်မျိုးမျိုးက တိုင်းရင်းသားလူမျိုးတစ်မျိုးမျိုးအဖြစ် အမည်ပြောင်းလဲ သတ်မှတ်လိုပါက ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ၊ ရှိပါက မည်သည့်အကြောင်းချက်များဖြင့် သတ်မှတ်ဆောင်ရွက် အတည်ပြုပေးနိုင်ပါမည်နည်း၊ လူမျိုးအမည်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက မည်ကဲ့သို့ မူဝါဒချမှတ်ဆောင်ရွက် ထားပါသနည်း၊ မည်သည့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ဆောင်ရွက်ပေးနိုင်သည်တို့ကို သိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဒေါက်တာစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်က "ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်လမ်းထောင့်ရှိ ကျန်းမာရေး ဝန်ကြီးဌာနပိုင်မြေကို ပွင့်လင်းမြင်သာမှုမရှိဘဲ အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးပါရန်" အဆို တင်သွင်းခြင်း နှင့်လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

(သို့မဟုတ်)

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၂)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။